ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်
National Community Driven Development Project
**NCDDP**

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



လွိုင်နန်းဖကျေးရွာ၊ မြလဲကျေးရွာအုပ်စု

ဒီးမော့ဆိုမြို့နယ်

၂၀၁၈ ခုနှစ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## လွိုင်နန်းဖကျေးရွာ၊ မြလဲကျေးရွာအုပ်စု

### မာတိကာ


ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ ........ ၁

မြလဲကျေးရွာအုပ်စုမြေပုံ ........ ၂

မြလဲကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ........ ၃

ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ ........ ၄

  လူမှုရေးနှင့် အရင်အမြစ်ပြမြေပုံ သုံးသပ်ချက် ........ ၄

  ကျေးရွာသမိုင်းအကျဉ်းချုပ် ........ ၅

  ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း ........ ၆

    ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက် ........ ၇

  ကျား/မ ပင့်ကူအိမ် ........ ၈

    ကျား/မ ပင့်ကူအိမ် သုံးသပ်ချက် ........ ၉

  အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ ........ ၁၀

    အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက် ........ ၁၁

  ရာသီခွင်ပြ ပြက္ခဒိန် ........ ၁၂

    ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက် ........ ၁၂

ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ ........ ၁၃

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ ........ ၁၄

ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-1) ........ ၁၅

ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-2) ........ ၁၈


ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-3) ........ ၁၉


    နောက်ဆက်တွဲ၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ(၄) ........ ၂၀

ကျေးရွာအစည်းအဝေးမှတ်တမ်းများ ........ ၂၁

လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ် ........ ၂၂

# ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ




မြလဲကျေးရွာအုပ်စုမြေပုံ
မြောက်
အနောက်
အရှေ့
တောင်
ကျေးရွာ
အုပ်စုကျေးရွာ
ရေထွက်ပေါက်
လမ်း
နန်းစံဖူးရေချောင်း
ပါသောအိုရွာဟောင်း
ထီးဆိုတော်ရွာဟောင်း
စီစန်ဆို
လော်ဆိုသာ
လိုဘောဆို
ဆိုလဗဲဆို
တေးဝေဆို
ထီးဆိုတော်လယ်ကု
လှိုင်နန်းဖ
မြလဲ
နန်းစံဖူးရေထွက်ပေါက်
ဆီးမူတုန်
ဆီးမီဆုဝိုဝ
ဆီးမီဆိုဒါး

## မြလဲကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | လူဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | စုစုပေါင်း |
| ၁ | မြလဲ | ၇၅ | ၁၈၉ | ၁၉၃ | ၃၈၂ |
| ၂ | ဆီးမီဆိုဒါး | ၅၁ | ၁၁၅ | ၁၁၆ | ၂၃၁ |
| ၃ | ဆီးမီဆိုလား | ၂၂ | ၆၀ | ၅၅ | ၁၁၅ |
| ၄ | ဆီးပူကုန်း | ၃၀ | ၈၁ | ၈၃ | ၁၆၄ |
| ၅ | လှိုင်နန်းဖ | ၃၃ | ၉၂ | ၈၅ | ၁၇၇ |
| ၆ | ဆိုလဖဲခို | ၃၀ | ၇၃ | ၇၅ | ၁၄၈ |
| ၇ | လိုဘောခို | ၃၆ | ၉၀ | ၉၃ | ၁၈၃ |
| ၈ | လော်ခိုသာ | ၂၇ | ၇၆ | ၇၅ | ၁၅၁ |
| ၉ | စီစန်းခို | ၄၁ | ၁၁၅ | ၁၁၆ | ၂၃၁ |
| ၁၀ | တေးဂေခို | ၆၁ | ၁၆၀ | ၁၅၉ | ၃၁၉ |
| ၁၁ | ထီးလယ်ကုန်း | ၂၇ | ၇၁ | ၆၈ | ၁၃၉ |
| ၁၂ | ထီးဆော်ဒေါ်ရွာဟောင်း | ၅ | ၁၀ | ၁၂ | ၂၂ |
| ၁၃ | ဝါသောခိုရွာဟောင်း | ၃၅ | ၈၇ | ၈၄ | ၁၇၁ |
| စုစုပေါင်း | | ၄၇၃ | ၁၂၁၉ | ၁၂၁၄ | ၂၄၃၃ |

## ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ




*ပါဝင်ဆွေးနွေးသူ - ကျား (၁၀) + မ (၈) = (၁၈) ဦး*

### လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

လွိုင်နန်းဖကျေးရွာသည် ဒီးမောဆိုမြို့၏အနောက်ဘက် ဒီးမောဆို-တောင်ငူလမ်း ပေါ် အနေ့ာ်ပလဲကျေးရွာမှ ဖြာထွက်ပြီး ဒီးမောဆိုမြို့မှ(၁၀)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ ထိုကျေးရွာ၏မြောက်ဘက်တွင် ဆေးရုံ(ကလလသ)၊ ကျေးရွာ၏ အနောက်ဘက်တွင် လိုဘေခိုကျေးရွာနှင့် ဆော်လဖဲခိုကျေးရွာ၊ တောင်ဘက်တွင်မြလဲကျေးရွာ နှင့် အရှေ့ဘက်တွင် လယ်ယာခင်းများ အသီးသီးဝန်းရံလျက်ရှိပါသည်။ ထိုလယ်ယာခင်းများသည်လည်း အခြားကျေးရွာများ၏ လယ်ယာခင်းများ ပါဝင်နေပြီး ထိုလယ်ခင်းများသည် အဓိကမိုးရေသွင်း စပါးများစိုက်ပျိုးနေကြပါသည်။

ကျေးရွာအတွင်းတွင်လည်း အ.ထ.က ကျောင်းတစ်ကျောင်းများရှိနေပြီး ထိုကျောင်းများ သည် မြလဲကျေးရွာအုပ်စုအတွင်းရှိကျေးရွာအားလုံးမှ ကျောင်းသား/သူ များလာရောက်ပညာသင် ကြားနေကြပါသည်။ ကျေးရွာအရှေ့ဘက်တွင်မှာလည်း ကျေးလက်ကျန်းမာရေး ဆေးပေးခန်းများ ရှိနေပြီး ကျေးရွာအနီးအနားရှိ ကျေးရွာများသည်လည်း လာရောက်ဆေးကုသနေကြပါသည်။ သို့သော် ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်၍ မိုးရာသီချိန်တွင် သွားလာရန်ခက်ခဲ နေပါသည်။ ကျေးရွာတောင်ဘက်တွင်မှာလည်း လွိုင်နန်းဖဈေးများရှိနေပြီး ထိုဈေးများသည် ထိုအနီးအနားရှိ ကျေးရွာများက ဒေသထွက်သီးနှံများ လာရောင်းခြင်း၊ ဟင်းသီးဟင်းရွက်များ လာရောက်ဝယ်စားခြင်းဖြင့် (၅)ရက်တစ်ကြိမ် ဖွင့်လှစ်ခဲ့ပါသည်။ အခြားအဆောက်အအုံများအနေဖြင့် ဘုရားကျောင်း၊ ခန်းမဆောင်နှင့် မူကြိုကျောင်းများရှိပါသည်။ သို့သော်၄င်းခန်းမဆောင်သည် အရှေ့စဉ် လောက်သာရှိနေပြီး အစည်းအဝေး ပြုလုပ်ရန်နှင့် ပွဲလမ်းသဘင်ကျင်းပရန် အတွက် အဆင်မပြေသေးပေ။ ထိုအပြင် ကျေးရွာအများသုံး အားကစားကွင်းတစ်ကွင်းလည်း ရှိနေပါသည်။

ထို့ကြောင့် လွိုင်နန်းဖကျေးရွာမြေပုံသုံးသပ်ရာတွင် သဘာဝအရင်းအမြစ်အနေဖြင့် လယ်ကွင်းများရှိပြီး လူမှုရေးအရင်းအမြစ်များ ရှိနေပါသော်လည်း မြေသားလမ်းများကိုကျောက် ချောလမ်းများခင်းနိုင်ခြင်း၊ ခန်းမဆောင်များ အပြီးသတ်ဆောင်ရွက်ပေးနိုင်ပါက ပိုမိုသာယာသော ကျေးရွာတစ်ရွာ ဖြစ်မည်ဟု သုံးသပ်ရရှိပါသည်။

## ကျေးရွာသမိုင်းအကျဉ်းချုပ်

လွိုင်နန်းဖကျေးရွာသည် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ မြလဲကျေးရွာအုပ်စုတွင်တည်ရှိပါသည်။ ယခင်က လွိုင်နန်ဖရွာသည် ရှမ်းလူမျိုးများနေထိုင်သော ကျေးရွာတစ်ရွာဖြစ်သည်။ ရှမ်းတို့သည် ယခုတည်ရှိနေသော လွိုင်နန်းဖတောင်ကို အခြေပြုပြီး မိမိ၏ကျေးရွာအမည်ကို လွိုင်နန်းဖဟုမှည့်ခေါ်ကြကြောင်း ဘိုးဘွားတို့၏ပြောဆိုချက်အရ သိရပါသည်။ ရှမ်းဘာသာစကားအရ လွိုင်ကိုတောင်ဟု အဓိပ္ပါယ်ရရှိပြီး လွိုင်နန်းဖတောင်ကို နတ်သမီးတောင်ရွာဟု အဓိပ္ပါယ်ရရှိ ပါသည်။

ရှမ်းတို့နေထိုင်ခဲ့သော လွိုင်နန်းဖရွာသည် တောတောင်ရေမြေများစိမ်းစိုနေပါသည်။ သို့သော် ၁၉၄၅ခုနှစ်တွင် ဖက်စစ်ဂျပန်တို့ စီးနင်းခဲရာ လွိုင်နန်းဖတောင်များ ပျက်သုန်းခဲ့ရပြီး ရှမ်းလူမျိုးများထွက်ပြေးတိမ်းရှောင် ခဲ့ရပါသည်။

၁၉၅၄ခုနှစ်တွင် ကယားပြည်နယ်မှ သာသနာအဖွဲ့သည် လွိုင်နန်းဖရွာတွင် ကယားနှစ်ခြင်းခရစ်ယာန်သသာနာဌာနချုပ်ကို စတင်တည်ထောင်ခဲ့ပါသည်။ဌာနချုပ်၏ ဥက္ကဌမှာ ဦးမွဲစူဖြစ်ပြီး အတွင်းရေးမှူး မှာ ဦးထောင်းဖောဖြစ်သည်။ သာသနာအကြီးအကဲများ၏ ကြိုးပမ်းမှုများကြောင့် ဘာသာရေးနှင့်ပညာရေး ဖွံ့ဖြိုးတိုက်တက်လာခဲ့ ပါသည်။ ကယားပြည်နယ်ရှိ ကျေးရွာအသီးသီးမှ ကလေးသူငယ်များလာရောက်ပညာသင်ကြားခွင့် ရရှိခဲ့ပါသည်။


၁၉၅၄ မှ ၁၉၇၀ ခုနှစ်အထိ လွိုင်နန်းဖဟုခေါ်ဆိုသော်လည်း ရွာသူ/သားများ၏အိမ်ခြေမရှိခဲ့သေးပေ။ သာသနာအဆောက်အဦးသာရှိခဲ့ပါသည်။၄င်းတို့သာသနာအဆောက်အအုံများကို သာသနာဝန်ထမ်းနှင့်ပညာရေးဝန်ထမ်းများသာ နေထိုင်ကြပါသည်။

၁၉၇၁ ခုနှစ်မှစ၍ သာသနာအကြီးအကဲတို့သည် လွိုင်နန်းဖနယ်မြေကို သာသနာအကြီးအကဲတို့က အိမ်ရာတည်ဆောက်ခွင့်ပေးခဲ့ပြီး နောက်ပိုင်းတွင် ပြင်ပမှပုဂ္ဂိုလ်အချို့တို့ကို အိမ်ယာဆောက်ခွင့်ပြုလာကြသည်။ သို့သော်လည်း လွိုင်နန်းဖကျေးရွာဟု ခေါ်ဆိုခြင်းမပြုသေးပေ။ ၁၉၈၈ ခုနှစ်တွင် ကယားနှစ်ခြင်းခရစ်ယာန်အသင်းချုပ် ကို ဒီးမောဆိုမြို့သို့ ပြောင်းရွှေးလိုက်သည်။ သို့ဖြစ်၍ ခရစ်ယာန်အိမ်ထောင်များတို့ တက်လာပြီး အိမ်ခြေပေါင်း (၈)အိမ်ဖြင့် လွိုင်နန်းဖရွာကို ပြန်လည်ထူထောင်နိုင်ခဲ့ပါသည်။၁၉၉၁ခုနှစ်မတ်လ (၅)ရက်နေ့တွင် ဆရာတစ်ပါးကို သင်းအုပ်ဆရာအဖြင့်တင်မြောက်နိုင်ခဲ့ပါသည်။ ထိုအချိန်မှ စပြီး အိမ်ခြေများ တစ်ဖြည်းဖြည်းတိုးတက်လာကာ ၂၀၀၅ခုနှစ်ရောက်ချိန်တွင် အိမ်ခြေ (၂၇)အိမ်အထိ များပြားလာခဲ့ ပါသည်။၂၀၁၇ ခုနှ ်စ်တွင် အိမ်ခြေပေါင်း ((၃၄)အိမ်အထိ တိုးတက်လာပြီး လူဦးရေးမှာ ၁၇၆ ယောက်ရှိလာခဲ့ပါသည်။

ကျေးရွာဆေးပေးခန်းကို ၁၉၇၈ ခုနှစ် မှစ၍ စတင်ဆောက်လုပ်ပြီး ကျန်းမာရေးမှူးဆရာ အဖြစ် ဦးဝမ်ချောင်မှ တာဝန်ယူခဲ့ပါသည်။သာသနာပိုင်ကျောင်းကို ပြည်သူပိုင် ကျောင်းအဖြစ် သိမ်းပြီးနောက် အစိုးရ အလယ်တန်းကျောင်းအဖြစ် အသိအမှတ်ပြုခဲ့ကြပါသည်။ ၂၀၀၁ခုနှစ်မှစ၍ အထက်တန်းကျောင်းခွဲအဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဘေးပတ်ဝန်းကျင်ကျေး ရွာများမှ ကျောင်းသားကျောင်းသူများသည် အထက်တန်းပညာဆည်းပူးနိုင် ရန်အတွက်ကျောင်းတွင် အိပ်ဆောင်၊ စားဆောင်များပါ ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ ၂၀၁၃ခုနှစ်တွင် အ.ထ.ကကျောင်း အဖြစ် ထပ်ဆင့်တိုးမြင့်နိုင်ခဲ့ပါသည်။ ထိုကြောင့် ကျောင်းတွင် ကျောင်းအိပ်/စား ဘော်ဒါလက်ခံပြီး ယခုလက်ရှိအထိ ပညာသင်ယူခွင့် ပေးနိုင်ခဲ့ပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

## ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း


လှိုင်နန်းဖ

ဥစ္စာဓနအဆင့်သတ်မှတ်ချက်ဇယား

ရက်စွဲ - ၅.၁၁.၂၀၁၇

| အဆင့် | စံသတ်မှတ်ချက်များ | အိမ်ခြေ | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | တိုက်အိမ် (၂)ထပ်၊ ယာ(၅)ဧကအထက်၊ လယ်(၅)ဧကအထက်၊ နွားဆယ်ကောင်အထက်၊ စက်/ကား တစ်စီး၊ ငွေ (၄၅)သိန်းအထက် (တစ်နှစ်)၊ ၁၂လဝင်ငွေစားမှုလုံသူ၊ တက်ကြွက်ချေးပြန်ငှားနိုင်သူ၊ ပုန်း | ၄ | ၁၁.၇၆% |
| ၂ | ပျဉ်ထောင်အိမ်၊ ယာ (၃)ဧက၊ လယ် (၃)ဧက၊ နွား (၅)ကောင်၊ စက် (၁)ကောင်၊ ဝင်ငွေ (၆)လအထက်၊ ငွေ (၁၀-၂၅) သိန်း၊ ပုန်း | ၂၀ | ၅၈.၈၂% |
| ၃ | ဝါးထရံအိမ်၊ အိမ်ခြံမြေ၊ ယာ (၁)ဧကအောက်၊ လယ် (၁)ဧကအောက်၊ စက် (၁)ကောင်၊ ဆိုင်ကယ်၊ ပုန်း | ၁၀ | ၂၉.၄% |
| စုစုပေါင်း | | ၃၄ | ၁၀၀% |

ပါဝင်ဆွေးနွေးသူဦးရေ - ကျား - ၁၁
မ - ၈

*ပါဝင်ဆွေးနွေးသူ - ကျား (၁၁) + မ (၈) = (၁၉) ဦး*


လွိုင်နန်းဖကျေးရွာတွင် အိမ်ခြေ(၃၄)ရှိသည့်အနက် (၄)အိမ်မှာ ချမ်းသာသော အိမ်ထောင်စုများဖြစ်ပြီး အိမ်ထောင်စု (၂၀) မှာ အလယ်အလတ်တန်းစားများ၊ (၁၀)အိမ်ထောင်စုမှာ ဆင်းရဲသောအိမ်ထောင်စုများဖြစ်ကြသည်ဟု အသီးသီးမှတ်ယူဆွေးနွေးကြ ပါသည်။

ချမ်းသာသောအိမ်ထောင်စုများသည် လယ်ယာများလုပ်ကိုင်စားသောက်ကြသော်လည်း ထိုသူတို့၏ယခင်က အရင်းအနှီးရှိထားမှုကြောင့် မြေဩဇာများထည့်နိုင်ခြင်း ၊လူများငှားရမ်းခေါ်ယူနိုင်ခြင်းကြောင့် ဝင်ငွေများပိုမိုရရှိနိုင်ခဲ့ပါသည်။ထိုသူတို့၏ တစ်နှစ်တာဝင်ငွေမှာ (၄၅)သိန်းဝန်းကျင်ရှိပါသည်။ အလယ်အလတ်အုပ်စုများသည် လယ်ယာများလုပ်ကိုင်စားသောက်ကြသော်လည်း လယ်ယာပိုင်ဆိုင်မှုအားနည်းခြင်းကြောင့် လုပ်သားငှားမှုအားနည်းခြင်းဖြင့် တစ်နှစ်တာဝင်ငွေများမှာ(၁၀)သိန်းမှ (၂၅)သိန်းဝန်းကျင်ရှိပါသည်။ ဆင်းရဲသောအိမ်ထောင်စုများသည် လယ်ယာမြေများပိုင်ဆိုင်မှုမရှိ၍ ကျေးရွာအတွင်းရှိအဆင်ပြေသောအိမ်စုထံမှ အလုပ်များသောကာလတွင် နေ့စားလိုက်ခြင်း၊ အလုပ်မရှိသောကာလတွင် အချို့မိသားစုဝင်တို့သည် ကျေးရွာပြင်ပမှ ရံဖန်ရံခါ ခေါ်သောအလုပ်တွင် သွားရောက်လုပ်ကိုင်စားသောက်ကြပါပြီးထိုသူတို့၏ တစ်နှစ်တာဝင်ငွေများမှာ(၁၀)သိန်းအောက်ရရှိနေပါသည်။

ထိုကြောင့် ဥစ္စာခနကြွယ်ဝမှုကိုသုံးသပ်ရာတွင် ကျေးရွာတွင်းအဆင်မပြေသောအိမ်ထောင်စုများသည် အလုပ်အကိုင်အခွင့်အလမ်းအားနည်းခြင်း ၊အလုပ်အကိုင်ရှိသော်လည်းလုပ်အားခအားနည်းခြင်းကြောင့် ဝင်ငွေရရှိမှုမှာလည်း အားနည်းနေသည်ကို တွေ့ရှိရပြီး အခြားပြင်ပအဖွဲ့အစည်းများမှ ကျေးရွာအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်းသီးပေးခြင်း၊ ထိုသူတို့ကို အသက်မွေးနိုင်သောပညာ တစ်စုံတစ်ခုများပေးနိုင်ခြင်းဖြင့် စားဝတ်နေရေးအတွက်အဆင်ပြေလာသော ကျေးရွာတစ်ရွာ ဖြစ်လာမည်ဟု သုံးသပ်ရရှိပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

ကျား/မ ပင့်ကူအိမ်



<u>*ပါဝင်ဆွေးနွေးသူ - ကျား (၁၁) + မ (၈) = (၁၉) ဦး*</u>


လွိုင်နန်းဖကျေးရွာ၏ ကျား မ ရေးရာပင့်ကူအိမ်သုံးသပ်ရာတွင် ကွာဟမှုရှိ နေသည်ကို တွေ့ရပါသည်။ပညာရေးတွင် ကျေးရွာအနေဖြင့် အမျိုးသားများကပညာသင်ကြားခွင့်ပိုများနေသည်ကိုတွေ့ရပါသည်။သို့သော် အမျိုးသားများအနေဖြင့်ပညာသင်ကြားရန် အမျိုးသမီးထက် စိတ်ဝင်စားမှုပိုမိုအား နည်းနေပါသည်။

အမွေရပိုင်ခွင့်တွင် ကျေးရွာလူမျိုးစုများ၏ ထုံးတမ်းဓလေ့အရ အမျိုးသားများကိုသာပိုမို ဦးစားပေးနေသောကြောင့် အမျိုးသမီးများအနေဖြင့် အခွင့်အရေးနည်းနေပါသည်။ လုံခြုံရေးပိုင်းတွင်မှာလည်း ကျေးရွာတွင်းတွင် အမျိုးသမီးများသည်အမျိုးသားများနှင့်တူညီသော်လည်း ညအချိန်တွင် အမျိုးသားများက ပိုမိုများပြားနေသည်ကိုတွေ့နေရပါသည်။ ဆုံးဖြတ်ပိုင်ခွင့်နှင့်ဦးဆောင်ပိုင်ခွင့်မှာလည်း အရေးကြီးသောနေရာတွင် အမျိုးသားများကသာ ဦးဆောင်သွားနေသည်ကိုတွေ့ရပြီး ပုံမှန်အချိန်တွင် ရံဖန်ရံခါအမျိုးသမီးများဆုံးဖြတ်နေပါသည်။ အကြောင်းမှာ ရှေ့ယခင် က အမျိုးသမီးများကို အခွင့်အရေးမပေးခဲ့သဖြင့် ယခုချိန်တွင် အမျိုးသမီးကိုဦးဆောင်ခိုင်းသော် မ မဦးဆောင်ရဲဘက် အမျိုးသားများသာပြန်လည်ပိုမိုဦးဆောင်နေသည်ကိုတွေ့ရှိရပါသည်။ကျေးရွာမှာလည်း လုပ်အားခပိုင်းတွင် အမျိုးသားနှင့်အမျိုးသမီးတန်းတူညီသော်လည်း အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများသာနေပါသည်။ဝင်ငွေမရရှိနိုင်သော အိမ်မှုကိစ္စများမှာသာလျင် အမျိုးသမီးများသာလွန်နေသည်ကိုတွေ့ရှိရပါသည်။

ထို့ကြောင့် လွိုင်နန်းဖကျေးရွာ၏ ပင့်ကူအိမ်ကိုသုံးသပ်ရာတွင် အမျိုးသားများသည် အမျိုးသမီးများထက် အခွင့်အရေးများနေသည်ကိုတွေ့ရှိရ၍ အခြားသောအဖွဲ့အစည်းများမှ ကျား မရေးရာနှင့်ပတ်သက်သော အမြင့်ဖွင့်သင်တန်းများပေးခြင်း၊အမျိုးသားဘက်မှလည်းအမျိုးသမီးပါဝင်လာအောင်တိုက်တွန်းဆွဲခေါ်ခြင်းဖြင့် အမျိုးသားအမျိုးသမီးတန်းတူအခွင့်အရေးရရှိစေမည် ဟု သုံးသပ်ရရှိပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

## အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ



*ပါဝင်ဆွေးနွေးသူ - ကျား (၁၁) + မ (၈) = (၁၉) ဦး*


## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်

လွိုင်နန်းဖကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုကိုဆွေးနွေးရာတွင် အဖွဲ့အစည်း(၁၀)ခုဖြစ် ဆွေးနွေးဖော်ထုတ်ခဲ့ပါသည်။ ကျေးရွာတွင်းတွင် အဓိကအရေးပါသောအဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့နှင့်ဘာသာရေးအဖွဲ့ဖြစ်သောအသင်းတော်ကော်မတီများဖြစ်ပြီးထိုအဖွဲ့များသည် ကျေးရွာတွင်းပြဿနာများတစ်စုံတစ်ရာပေါ်ပေါက်လာပါက အမှုများကြီးရာမှ ငယ်ရာသို့ရောက်ရှိအောင်၊ ငယ်သောအမှုကို ပပြောက်အောင်အဓိက ကူညီဆောင်ရွက်ပေးသောအဖွဲ့များသမက ကျေးရွာအတွင်းသာရေးနာရေးအတွက်လည်း အဓိကဆောင်ရွက်ပေးပါသည်။ကျေးရွာအုပ်ချုပ်ရေး အဖွဲ့တွင် အုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်မှူးများဟူ ၍ရှိပြီး အခြားအဖွဲ့နှင့် ရွာလူထုကြားအဓိကချိတ်ဆက်ဆောင်ရွက်ပေး သောအဖွဲ့ဖြစ်သည်။ အမျိုးသမီးဌာန၊အမျိုးသားဌါန၊ လူငယ်ဌါနနှင့်ကလေးသူငယ်အဖွဲ့တို့သည်လည်း အသင်းတော်ကော်မတီနှင့်အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်သော အဖွဲ့များဖြစ်ပါသည်။ လူထုဗဟိုပြုစီထောက်ကော်မတီများသည် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်တွင်အဓိက ဦးဆောင်သောအဖွဲ့များလည်းဖြစ်ပါသည်။ထိုအဖွဲ့များသည် ကျေးရွာတွင်းအမှန်လိုအပ်သော လုပ်ငန်းခွဲများကို ဖော်ထုတ်ခြင်း၊အစီအစဉ်ရေးဆွဲခြင်း၊အခြားအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီးအကောင်အထည်ဖော်ခြင်းဖြင့်ဆောင်ရွက်လျက်ရှိပါသည်။ထို့အပြင် မီးလင်းရေးအတွက်လျှပ်စီးမီးကော်မတီ၊ ရင်းနှီးမြှပ်နှံရန်အတွက်ငွေစုငွေချေးဖြစ်သော သမဝါယာမကော်မတီ ကျေးရွာဖွံ့ဖြိုးဆောင်ရွက်နိုင်ရန်အတွက်ကျေး ရွာဖွံ့ဖြိုးရေးကော်မတီအသီးသီးဖြင့် ကျေးရွာတွင်းအတူတကွ ပူပေါင်းပါဝင်ကူညီ ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။ ကျေးရွာပြင်ပအဖွဲ့အစည်းအနေဖြင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖွဲ့များသည် ကျေးရွာအုပ်စုအတွက်အရေးပါသည် သမက ကျေးရွာအတွင်းပါ အရေးပါနေသည်ပြီး ကျေးရွာတွင်းအုပ်ချုပ်ရေးမှူးနှင့်အဓိက ဆက်သွယ်ဆောင်ရွက်နေသည်ကိုတွေ့ရှိနေရပါသည်။

ထို့ကြောင့် လွိုင်နန်းဖကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုကို သုံးသပ်ရာတွင် ကျေးရွာတွင်း သမက ကျေးရွာပြင်ပပါ အချင်းချင်အပြန်အလှန် ချိတ်ဆက်နေပြီး ကျေးရွာဖွံ့ရေးနှင့် ပတ်သက်၍ ဆောင်ရွက်လိုလျင် ကျေးရွာအုပ်ချုပ်ရေးမှူးထံ အရင်ဆုံး ဆက်သွယ်ချိတ်ဆက်ရသည်ဟု သုံးသပ်ရရှိပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

## ရာသီခွင်ပြ ပြက္ခဒိန်



*ပါဝင်ဆွေးနွေးသူ - ကျား (၁၁) + မ (၈) = (၁၉) ဦး*

### ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်

လွိုင်နန်းဖကျေးရွာသည် အဓိက ဆန်စပါးကိုစိုက်ပျိုးကြသည်။ အချို့အိမ်ထောင်စုများသည်လည်း ထုံးဖုတ်လုပ်ငန်းကို တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြသည်။ ထိုဆန်စပါးစိုက်ပျိုးရေးသည် မိုးရေသွင်းစိုက်ပျိုးသောကြောင့် မိုးခေါင်သောနှစ်တွင် စိုက်ပျိုးရေးကို အခက်အခဲဖြစ်စေသည်။

ကျေးရွာတွင် နှစ်စဉ်နှစ်တိုင်း ခရစ္စမတ်ပွဲတော်ကို ဒီဇင်ဘာလတွင်ကျင်းပလေ့ရှိပါသည်။ ဇန်နဝါရီလတွင် နှစ်သစ်ကူးဘုရားရှိခိုးပွဲ နှင့် မတ်လတွင် အုပ်စုဓမ္မသဘင်ပွဲကြီးများဟူ၍ ကျင်းပ ဆောင်ရွက်ခဲ့ကြပါသည်။

ကျေးရွာတွင် နှစ်တိုင်းလိုလို ဖေဖော်ဝါလနှင့်နိုဝင်ဘာလဖြစ်သော ကူးပြောင်းရာသီချိန်တွင် ရောဂါများဖြစ်ပွားလေ့ရှိပြီး အဓိကအားဖြင့် တုတ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားလေ့ရှိပါသည်။တစ်နှစ်တာဝင်ငွေအဖြင့် အချို့အိမ်ထောင်စုများလတိုင်း ရှိနေသော်လည်း အချို့အိမ်ထောင်စုများသည်အနည်းငယ်သာရှိ၍ စားဝတ်နေရေးခက်ခဲသောအိမ်ထောင်စုများရှိနေသည်ကိုတွေ့မြင်ရပါသည်။အဓိကဝင်ငွေပိုများချိန်သည် ရိတ်သိမ်းပြီးသောအချိန်များဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် မိုးရာသီချိန်သည် မြေသားလမ်းများဖြစ်၍ အခက်အခဲ ရှိနေသည်ကိုတွေ့ရှိရပါသည်။ကျေးရွာတွင်မှာ လည်း ဖေဖော်ဝါရီလနှင့် မတ်လတွင် လေပြင်းမုန်တိုင်းများတိုင်ခိုက်ခြင်းကို ကြုံရတတ်ပါသည်။ အလုပ်လုပ်သောအချိန်သည် တစ်နှစ်ပတ်လုံးဖြစ်ပြီးအလုပ်ပိုများသောအချိန်သည် ဇွန်လမှ ဒီဇင်ဘာလအထိဖြစ်သည်။

မှတ်တမ်းတင်သူ - ဦးတီရယ်


## ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ

| စဉ် | အမည် | ကျား/မ | ရာထူး |
|---|---|---|---|
| ၁ | ဦးဒါနီယေးလာ | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ |
| ၂ | ဒေါ်စေးမေထူး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ ၊ ဥက္ကဋ္ဌ |
| ၃ | ဦးမြအေး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ (ခေါင်းဆောင်) |
| ၄ | ဦးပီတာဝင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ |
| ၅ | ဒေါ်နော်အယ်ဗီးရှာ | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဦးနေထူး | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ (ခေါင်းဆောင်) |
| ၇ | ဦးနေဝင်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၈ | ဦးမေးလို | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၉ | ဦးစံထူး | ကျား | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၀ | ဒေါ်အယ်ဘလုစေး | မ | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၁ | ဒေါ်ကလဲဒေ | မ | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၂ | ဦးနေဝင်း | ကျား | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၃ | ဦးစောဇလေိယာ | ကျား | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၄ | ဒေါ်ကျူးကျူး | မ | ကျေးရွာစားရင်းကိုင် |
| ၁၅ | ဦးဂျော့စ်မေထူး | ကျား | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်အဲလစ်စဘက် | မ | ကျေးရွာစေတနာ့ဝန်ထမ်း |



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ





# ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-၁)

**ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)**

*လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။*

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် | |
|---|---|---|---|---|---|
| ဦးသာဖေ | | | | ဦးဘိုးယ | |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဒီးမော့ဆို | | ကျေးရွာအုပ်စု မြလဲ | | ကျေးရွာ လှိုင်နန်းဖ |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | ၃၃ | ဘာသာ (၁) ခရစ်ယာန် | ၃၃ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၇ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၆၂ | ၈၅ |
| လူမျိုးစု (၁)------------------- | ၆၂ | ၈၅ |
| လူမျိုးစု (၂) ------------------- | | |
| လူမျိုးစု (၃) ------------------- | | |
| လူမျိုးစု (၄) ------------------- | | |
| လူမျိုးစု (၅) ------------------- | | |
| အိမ်ထောင်ဦးစီး | ၃၁ | ၂ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☑ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☑ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☑ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | | *မှတ်ချက်* [illegible] | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမားရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☑ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက် ကျန်းမာရေးမှူး | ☐ | ☑ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေး ဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☑ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | (ကွန်ကရစ်လမ်း) | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ/မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-- ၁၁.၂ --/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--- ၅ မိနစ် --- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်------ ၁၀ မိနစ် -------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မေတ္တာ ရွှေ့ပြောင်း ကျေး စီမံကိန်း ကော်မတီ

(၂) ACF ကော်မတီ

ကျေးရွာခေါင်းဆောင် အမည် ......

လက်မှတ် ...... နေ့စွဲ

လူထုစည်းရုံးရေးမှူး အမည် ဦး......

လက်မှတ် ...... နေ့စွဲ 5.1?.2017

## ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂)

*ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)*

| |
|---|
| *လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။* |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး...၊ ဒေါ်မိုးအိဖြိုး |
| နေ့စွဲ ၅.၁၁.၂၀၁၇ — စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄) |
| ပြည်နယ်/တိုင်း ကယား — မြို့နယ် ဒီမော့ဆို — ကျေးရွာအုပ်စု မြလဲ — ကျေးရွာ လွိုင်နန်းဖ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၅.၁၁.၂၀၁၇ | [illegible].၁၁.၂၀၁၇ | ၁၁ | ၈ | ၂၉ | ၁ \| ကယန်း |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၅.၁၁.၂၀၁၇ | ၅.၁၁.၂၀၁၇ | ၁၁ | ၈ | ၂၉ | ၁ \| ကယန်း |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၉.၁၁.၂၀၁၇ | ၁၉.၁၁.၂၀၁၇ | ၁၇ | ၁၃ | ၃၀ | ၂ \| ကယန်း ကရင် |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | \| |

## ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃)

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး[illegible]

နေ့စွဲ ၅.၁၁.၂၀၁၇

စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄)

| ပြည်နယ်/တိုင်း ကယား | | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |
|---|---|---|---|---|

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | စားဝတ်နေရေးအခက်အခဲ | ၁ | စားဝတ်နေရေးအခက်အခဲ |
| ၂ | စိုက်ပျိုးရေးမွေးမြူရေးတွင် နည်းပညာအနည်းငယ်သည့်အခက်အခဲ | ၂ | ကျန်းမာရေးအခက်အခဲ |
| ၃ | အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည့် အခက်အခဲ | ၃ | ပညာတတ်မြောက်မှုနည်းပါးသည့် အခက်အခဲ |
| ၄ | လမ်းပန်းဆက်သွယ်ရေးအခက်အခဲ | ၄ | ငွေသားထွက်သီးနှံမျိုးကွက် မကောင်းသည့် အခက်အခဲ |
| ၅ | [illegible] နည်းသည့် အခက်အခဲ | ၅ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | စားဝတ်နေရေးအဆင်ပြေလာမည် | ၁ | မိခင်နှင့်ကလေးကျန်းမာသန်စွမ်းလာမည် |
| ၂ | စည်းလုံးညီညွတ်မှုရှိလာမည် | ၂ | တန်းတူအခွင့်အရေးရရှိလာမည် |
| ၃ | ကတ္တရာလမ်းရှိလာမည် | ၃ | စားဝတ်နေရေးအဆင်ပြေလာမည် |
| ၄ | [illegible] ရှိလာမည် | ၄ | သားသမီး [illegible] ဖြစ်လာမည် |
| ၅ | | ၅ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | [illegible] တိုးချဲ့ခြင်း | ကျား + မ | | ၁၇၇ |
| ၂ | ရွာတွင်း ကျောက်ချလမ်း | 〃 | | ၁၇၇ |
| ၃ | [illegible] | 〃 | | ၁၇၇ |
| ၄ | | | | |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေးသင်တန်း [illegible] | ကျား + မ | စိုက်ပျိုးရေး |
| ၂ | အားကစား [illegible] ပေးခြင်း | | |
| ၃ | [illegible] ရေးသင်တန်း | 〃 | အသက်မွေးဝမ်းကျောင်း |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ဦး[illegible] လက်မှတ် [signature] နေ့စွဲ ၅.၁၁.၂၀၁၇

## နောက်ဆက်တွဲ(၄)၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ခန်းမဆောင်တိုးချဲ့ခြင်း | ☑ မ ☑ ကျား | | |
| | ၂ | စာကြည့်တိုက် | ☑ မ ☑ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်း/ စွမ်းရည်မြှင့် | ၁ | စိုက်ပျိုးရေးသင်တန်း နှင့် ၂၀ [illegible] ပေးခြင်း | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | စက်ပြုပြင်ရေးသင်တန်း | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အခြား | ၁ | [illegible] ကျောက်ချောလမ်း | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |

## ကျေးရွာအစည်းအဝေးမှတ်တမ်းများ

### ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့်ကျေးရွာအစီအစဉ်ရေးဆွဲခြင်းအစည်းအဝေး

တက်ရောက်သူဦးရေ - ကျား (၁၁) + မ (၈) = (၁၉) ဦး

အစည်းအဝေးမစတင်မီ တက်ရောက်သူအမည်စာရင်းများကို ကောက်ယူခဲ့ပါသည်။ ထို နောက်မိတ်ဆက်ခြင်းအစီအစဉ်ပြုလုပ်ခဲ့ပြီး အစည်းအဝေးအစီအစဉ်များကို တင်ပြခဲ့ပါသည်။ အစည်းအဝေးအစီအစဉ်အရ ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေး၏ ရည်ရွယ်ချက်ကို လူထုစည်းရုံးရေးမှူး ဦးတီရယ်မှတင်ပြခဲ့ပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူး မှ ကော်မတီများ၏ တာဝန်နှင့်ဝတ္တရားများကိုရှင်းပြပြီး ၂၀၁၃ခုနှစ်တွင် တာဝန်ထမ်းဆောင် ခဲ့သော ကော်မတီများအားလုံးတို့ကို ကျေးရွာလူထုထံမှ သဘောတူညီချက်အရ ကန့်ကွက်ခြင်းမရှိပါသဖြင့် ယခင်နှစ်ကော်မတီများကို ဆက်လက်ခန့်အပ်ရန်နှင့် ခရီးလွန်သွားသူများကို ပြန်လည်အစားထိုးခဲ့ပါသည်။

ဆက်လက်ပြီး လူထုစည်းရုံးရေးမှူးဦးနေဒီထူးမှ PRAတစ်ခုချင်းစီ၏ ရည်ရွယ်ချက်များကို ရှင်းပြခဲ့ပါသည်။ ထို့နောက် PRAတစ်ခုချင်းစီကို အဖွဲ့လိုက် ဆွေးနွေးပြုလုပ်ကြပြီး တင်ပြဆွေးနွေး ခဲ့ပါသည်။ ထို တင်ပြဆွေးနွေးချက်များ အားလုံးတို့ကို လူထုစည်းရုံးရေးမှူးဦးတီရယ် မှ ပြန်လည်အနှစ်ချုပ် ပေးခဲ့ပါသည်။ ထို့နောက်ကျေးရွာ၏အခက်အခဲပြဿနာနှင့် နောင်လာမည် (၅)နှစ်မျှော်မှန်းချက်တို့ကို ဆွေးနွေတင်ပြခဲ့ပါသည်။

ဆက်လက်ပြီး စီမံကိန်းနှင့် အကျုံးဝင်၊ မကျုံးမဝင်များတို့ကို လက်ထောက်နည်းပညာမှူး ဒေါ်မိုးအိငြိမ်းမှ ဆွေးနွေးတင်ပြခဲ့ပါသည်။ ထို့နောက် ကျေးရွာလူထုများမှ ဦးစားပေးလုပ်ငန်းများကို အများသဘောတူညီချက်ဖြင့် အစဉ်လိုက်ရွေးချယ်ခဲ့ကြပါသည်။ ဆက်လက်ပြီး ဝေဖန်အကြံပြုတိုင်ကြား ဖြေရှင်းရေး နှင့်ပတ်သက်၍ လူထုစည်းရုံးရေးမှူး ဦးတီရယ်မှ ရှင်းလင်းတင်ပြခဲ့ပြီး ကျေးရွာစီထောက် ဥက္ကဋ္ဌမှ တက်ရောက်သူများ အားလုံးတို့ကို ကျေးဇူးတင်စကားများ ပြောကြားပြီး အစည်းအဝေး အစီအစဉ်ကို ရတ်သိမ်းလိုက်ပါသည်။

အစည်းအဝေးမှတ်တမ်းတင်သူ - ဦးတီရယ်

## လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ (Socila map/ Resources Map) | ၅-၁၁ ၂၀၁၇ | ရပ်မိရက်ဖ၊ ကော်မတီဝင်၊ ကျေးရွာလူထု များအားလုံး | ၁၁ | ၈ | ၁၉ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦများ၊ လုပ်ပန်းဆက်သွယ်ရေးအခြေ အနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ ရေလှောင် ကန်၊ သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၅-၁၁ ၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၁၁ | ၈ | ၁၉ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများ သတ်မှတ်ရန် အများလူထု သဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာ ကဏ္ဍ (Access Mapping) | ၅-၁၁ ၂၀၁၇ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၁၁ | ၈ | ၁၉ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အ ဦး စသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများ ပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၅-၁၁ ၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၁၁ | ၈ | ၁၉ | အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်း ချိတ်ဆက်ပုံ (Venn Diagram) | ၅-၁၁ ၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ကျေးရွာ စီထောက်အဖွဲ့၊ ကျေးရွာလူထု | ၁၁ | ၈ | ၁၉ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |
| ၆ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၅-၁၁ ၂၀၁၇ | ကော်မတီဝင်များ၊ အမျိုးသမီး/သား ဆင်းရဲနွမ်းပါးသူ | ၁၁ | ၈ | ၁၉ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ (အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုး ကာလ၊ ဝင်ငွေအကောင်းဆုံး ကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျ | မ | ပ | |
| ၇ | အခက်အခဲ/ပြဿနာ<br><br>(Problem) | ၅-၁၁<br>၂၀၁၇ | အမျိုးသမီး/သား၊<br>လူထုအားလုံး | ၁၁ | ၈ | ၁၉ | ငွေကြေးအရင်းအနှီးမရှိ၊<br>လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး<br>ရေလုံလောက်မှုမရှိ<br>ဖုန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊<br>ပညာရေး၊ စီးပွားရေး၊<br>စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေရွာ၏( ၄ )နှစ်စာ<br>မျော်မှန်းချက်များ<br><br>(Village visions) | ၅-၁၁<br>၂၀၁၇ | ကျေးရွာလူထု<br>အားလုံး | ၁၁ | ၈ | ၁၉ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊<br>ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊<br>ဘာသာရေး ပိုမိုကောင်းမွန်လာ၊<br>ကျေးရွာစည်းလုံးခြင်း<br>ပိုမိုကောင်းမွန်လာ၊<br>စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေး<br>လုပ်ငန်းစဉ်များ<br>(Village Approve<br>Vision) | ၅-၁၁<br>၂၀၁၇ | ရွာလူထု အားလုံး | ၁၁ | ၈ | ၁၉ | လမ်း(ကတ္တရာ)၊ မီး(လျှပ်စစ်မီး)၊<br>ခန်းမဆောင်၊ ရေလှောင်ကန်၊<br>ရေငုတ်/ပိုက်၊ စာသင်ကျောင်း တိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေး<br>လုပ်ငန်းစဉ်များ<br><br>(Village Object<br>Vision) | ၅-၁၁<br>၂၀၁၇ | ရွာလူထု အားလုံး | ၁၁ | ၈ | ၁၉ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အဆင့်<br>သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊<br>ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊<br>အကျိုးခံစားခွင့် ရှိသူလူဦးရေ |
| ၁၁ | ကျေးရွာသမိုင်း<br>အကျဉ်းချုပ်<br><br>(Village History) | ၅-၁၁<br>၂၀၁၇ | အမျိုးသမီး/သား၊<br>လူထုအားလုံး | ၁၁ | ၈ | ၁၉ | ကျေးရွာစတင် တည်ထောင်သည့်<br>ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊<br>ဘာသာစသော ကျေးရွာသမိုင်း<br>အချက်အလက် အဆင့်ဆင့်များ ကို<br>ဖော်ထုတ်ခြင်း |